ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan(VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ် ပေါက်တူးကျေးရွာ၊ အလုံအုပ်စု

မာတိကာ


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)

အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
ဧရာဝတီတိုင်းဒေသကြီး
ကြံခင်းမြို့နယ်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖိုးတရုပ်ချောင်း
ကျောက်နီချောင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ဧရာဝတီ မြစ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် အလုံကျေးရွာအုပ်စုပြမြေပုံ




အလုံကျေးရွာအုပ်စု ပြမြေပုံ

## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

အလုံကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. အလုံ (မြောက်စု) ကျေးရွာ

၂. သုံးတဲစု ကျေးရွာ

၃. ကြာအင်းလေး ကျေးရွာ

၄. ရှားဘို ကျေးရွာ

**၅. ပေါက်တူး ကျေးရွာ**

၆. ရွာသစ်ကြီး ကျေးရွာ

၇. ရွာသစ်ကလေး ကျေးရွာ

၈. ကမ်းပြို ကျေးရွာ

၉. အလုံ(တောင်) ကျေးရွာ

၁၀. သာယာကုန်း ကျေးရွာ

အလုံ ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၁၀)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ပေါက်တူးကျေးရွာသည် ရောဂတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ အလုံအုပ်စု တွင်တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ ကြံခင်းမြို့နှင့် ၁၅မိုင်ခန့် ကွာဝေးပြီး ကျေးရွာ အုပ်စု၏အလည်ဗဟိုနှင့် ၂ဖာလုံခန့် ကွာဝေးပါသည်။ အိမ်ခြေ ( ၇၆ )အိမ်ခန့် ရှိပြီးလူဦးရေမှာ ကျား ၁၃၈ ဦး မ ၁၅၉ ဦး ရှိပါသည်။ အများစုမှာ ဗမာလူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာ၏အရှေ့ဘက်တွင် သာယာကုန်းရွာ တည်ရှိပြီး အနောက်ဘက်တွင် ရှားဘိုကျေးရွာတည်ရှိပါသည်။ တောင်ဘက်တွင် လယ်ကွင်းများတည်ရှိပြီး မြောက်ဘက်တွင် ရွာသစ်ကြီးကျေးရွာတည်ရှိပါသည်။

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်း ဖြစ်ပြီး ကုန်ရောင်းကုန်ဝယ်စီးပွားရေးသမားများလည်း ရှိပါသည်။ ကျေးရွာတွင်းရှိ လမ်းများမှာ ကိုယ်ထူကိုယ်ထ ပြုပြင်ထားကြပြီး ချောင်းကျောက်လမ်းများ ဖြစ်ကြသည်။ ကျေးရွာသို့ အုပ်စုဗဟိုမှ မော်တော်ဆိုင်ကယ်ဖြင့် ၅မိနစ်ခန့် မောင်းနှင်ရပြီး ကြံခင်းမြို့မှ ၄၅ မိနစ် ခန့်မောင်းနှင်ရသည်။ ရေအရင်းအမြစ် အနေဖြင့် အလုံချောင်းမှ ရေကိုသာ အသုံးပြုကြရပြီး ရေတွင်းရေကန် ရှားပါးသည်။ လျှပ်စစ်မီး မရရှိသေးသည့်အတွက် အင်ဂျင်မီး ကိုသာ အခကြေးငွေပေး၍ အသုံးပြုနေကြရသည်။ ကျန်းမာရေးအနေဖြင့် အုပ်စုတွင် ကျေးလက်ဆေးပေးခန်း တည်ရှိသည်။ ပညာရေးအနေဖြင့် အုပ်စုတွင်းရှိ အလယ်တန်းကျောင်းခွဲတွင် အလယ်တန်းအဆင့် ပညာသင်ကြားနိုင်ပြီး ကျေးရွာတွင် မူလတန်းကျောင်းရှိသည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတည်ရှိပြီး ဘာသာရေးကိုင်းရှိုင်းသူများ ဖြစ်ကြသည်။

သဘာဝ ဘေးအန္တရာယ်အနေဖြင့် ကြီးကြီးမားမား ကြုံတွေ့ခဲ့ရဖူးခြင်းမျိုး မရှိသော်လည်း ၂၀၁၆ ခုနှစ် မိုးရေကြီးခြင်း ကြုံတွေ့ရသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၀.၉. ၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၄၁ | ၃၂ | ၇၃ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၀.၉. ၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၄၁ | ၃၂ | ၇၃ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၀.၉. ၂၀၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၄၁ | ၃၂ | ၇၃ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနူန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၀.၉. ၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၄၁ | ၃၂ | ၇၃ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၀.၉. ၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | ၄၁ | ၃၂ | ၇၃ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၀.၉. ၂၀၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၄၁ | ၄၂ | ၇၄ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၀.၉. ၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၄၁ | ၃၂ | ၇၃ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂၀.၉. ၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၄၁ | ၃၂ | ၇၃ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂၀.၉. ၂၀၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၄၁ | ၃၂ | ၇၃ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



လူမှုအရင်းအမြစ်ပြမြေပုံ


## (က) လူမှု နှင့်သဘာဝအရင်းအမြစ်ပြ မြေပုံနှင့်သုံးသပ်ချက်

ရောဂတီတိုင်းဒေသကြီး၊ ဟသ်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ အလုံအုပ်စုတွင် ပေါက်တူး ကျေးရွာ တည်ရှိပါသည်။ လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံအား ရေးဆွဲခြင်းဖြင့် ကျေးရွာ၏ တည်ရှိပုံကို သိရှိပြီး ဒေသထွက် အရင်းအမြစ်များ ဖြစ်သော လယ်၊ ကိုင်း၊ ချောင်း၊ တံတား အစရှိသည်တို့ကို ကောင်းစွာ အသုံးချတတ်စေရန်ဖြစ်သည်။ အရင်းအမြစ် မြေပုံအား အသုံးချ၍ ပေါက်တူး ကျေးရွာ၏ မျှော်မှန်းချက်များ၊ အခက်အခဲများနှင့် ဦးစားပေး လိုအပ်ချက် လုပ်ငန်းများကို ကောင်းစွာ ဖော်ထုတ် သုံးသပ်နိုင်ခဲ့ကြပါသည်။

ပထမနှစ်လုပ်ငန်းအဖြစ် ကျေးရွာတွင် ရေစင်နှင့် ရေပေးဝေရေးလုပ်ငန်း တည်ဆောက် အသုံးပြုခဲ့ကြပြီး၊ ဒုတိယနှစ် လုပ်ငန်းကိုလည်း ကျေးရွာတွင် လိုအပ်နေသော အင်ဂျင်မီးလင်းရေးနှင့် ချောင်းရေတင်ခြင်းလုပ်ငန်း ထပ်မံတည်ဆောက်ခဲ့ကြပါသည်။ တတိယနှစ် စက်ဝန်း၌ ကျေးရွာ လိုအပ်ချက် လုပ်ငန်းဖြစ်သော ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း လုပ်ငန်းအား ဖော်ထုတ် သုံးသပ် ရွေးချယ်နိုင်ခဲ့ကြပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

## (ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ပေါက်တူး ကျေးရွာတွင် နေထိုင်သော ကျေးရွာလူထု အနေဖြင့် ရာသီအလိုက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် သဘာဝအရင်းအမြစ်၊ လူမှုအရင်းအမြစ် များအပေါ် မှီခို စားသောက် လုပ်ကိုင်မှုများကို ကောင်းစွာ သုံးသပ်တတ်စေရန် ဖြစ်သည်။ အလုပ်အကိုင်များ အပေါ် မူတည်ပြီး ဝင်ငွေရရှိမှု၊ အစားအစာ ဖူလုံမှုတို့ကို သိရှိခြင်းဖြင့် ကြိုတင်စုဆောင်းနိုင်ရန်နှင့် ရာသီ အလိုက် ဖြစ်တတ်သော ရောဂါများကို သိရှိခြင်းဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ် ပါသည်။ ထို့ပြင် ကျေးရွာ၏ အားလပ်ချိန် အလုပ်အကိုင် ရှားပါးချိန်တွင် စီမံကိန်းကို အကောင်အထည် ဖော်နိုင်ရန် အတွက် ရေးဆွဲဆုံးဖြတ် သုံးသပ်နိုင်ခဲ့ကြပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

<u>(၁) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>



ကျေးရွာ- [illegible] [illegible] ကြွယ်ဝမှု [illegible] အလုံးအုပ်စု ပါဝင်ဆွေးနွေးသူ ကျား-၁၃ မ-၁၇

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | လယ်ထွန်စက်၊ မြေထွန်စက်(?)၊ လှည်း၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ နွား၊ လယ်၊ [illegible] အိမ်(သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း) | ၁၇ | ၂၂% |
| အသင့်အတင့် | နွား၊ လှည်း၊ လယ်၊ ဆိုင်ကယ် အိမ်(ပျဉ်ထောင်၊ သွပ်မိုး) | ၂၆ | ၃၄% |
| မပြေလည်သောအုပ်စု | အိမ်၊ ကြက်၊ ဝက် အိမ်(သက်ကယ်မိုး) | ၂၂ | ၂၉% |
| နွမ်းပါးသောအုပ်စု | အိမ်(ထရံကာ၊ သက်ကယ်မိုး) | ၁၁ | ၁၄% |
| စုစုပေါင်း | | ၇၆ | ၁၀၀% |


လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## (ဂ) ဥစ္စာဓနေ ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ပေါက်တူး ကျေးရွာတွင် နေထိုင်သူများ၏ စီးပွားရေးအခြေအနေအရ ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ချက်များ ပြုလုပ်ခဲ့ကြပါသည်။ ထိုကဲ့သို့ရေးဆွဲ သတ်မှတ်ရခြင်းမှာ ကျေးရွာအတွင်း စီးပွားရေး အခြေအနေ ကွာခြားချက်များကို သိရှိစေရန်နှင့် ၎င်းအုပ်စုများအားလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ဆောင်ခြင်းတွင် ပါဝင်စေရန်နှင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းမှ အကျိုးအမြတ်များကို ထိုအုပ်စုများအားလုံး ရရှိခံစားနိုင်စေရန် ရည်ရွယ်ဆွေးနွေး သုံးသပ်ခဲ့ကြပါသည်။ အုပ်စု ၄စု ခွဲ၍ ဆန်းစစ်ခဲ့ကြပြီး ကျေးရွာတွင်း အလုပ်အကိုင် အခွင့်အလမ်းများ အတွက် မည်သူတို့အား ဦးစားပေး၍ စဉ်းစားပေးသင့်ကြောင်း သုံးသပ် တွေ့ရှိခဲ့ကြပါသည်။ ယခုထက်ပို၍ ကျေးရွာအတွင်း ဥစ္စာဓန အနေအထားကွာခြားမှုအား လျှော့ချရန် မည်သို့လုပ်ဆောင်သင့်ကြောင်း၊ ချို့တဲ့သောအုပ်စု များတွင်ပါဝင်သူ အရေအတွက် လျော့ပါးရန် နောင်တွင်မည်သို့ စီမံဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြပုံသုံးသပ်ချက်**

ပေါက်တူး ကျေးရွာတွင် ရှိသော ကျေးရွာလူထုအနေဖြင့် မိမိတို့ ကျေးရွာအတွင်းရှိ အဓိကအုပ်စုများ၊ အဖွဲ့အစည်းများရှိနေမှုကို သိရှိစေရန်နှင့် ၎င်းအဖွဲ့အစည်း အုပ်စုများ တစ်ခုနှင့် တစ်ခု ဆက်စပ်မှုရှိပုံတို့ကို သိရှိစေရန် ရည်ရွယ် သုံးသပ်ခဲ့ကြပါသည်။ ထို့ပြင် ကျေးရွာလူထု အနေဖြင့် အကြောင်းတစ်စုံတစ်ရာ လိုအပ်ချက်များရှိပါက အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်တတ်စေရန် ရည်ရွယ်ပါသည်။ ရှားဘိုကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့၊ လူငယ်အဖွဲ့၊ ပရဟိတအဖွဲ့၊ ဂေါပကအဖွဲ့ တို့တည်ရှိပြီး စည်းလုံးညီညွတ်မှု အားကောင်းစွာဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက် ဆောင်ရွက်မှုများရှိကြောင်း ရေးဆွဲဖော်ထုတ် သုံးသပ်နိုင်ခဲ့ကြပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ


(စ) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုသုံးသပ်ချက်



အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

(စ) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုသုံးသပ်ချက်




အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု

**( င) အရင်းအမြစ် အသုံးပြုမှု၊ ထိန်းချုပ်မှုသုံးသပ်ချက်**

ပေါက်တူး ကျေးရွာအတွင်းရှိ အရင်းအမြစ်များအား အမျိုးသားနှင့် အမျိုးသမီးတို့မှ ပိုင်ဆိုင်မှု၊ အသုံးပြုမှု၊ ထိန်းချုပ်မှုတို့အား ခွဲခြမ်းစိတ်ဖြာ၍ ကွဲပြားစွာ သိရှိစေရန် ရည်ရွယ်သုံးသပ်ခဲ့ပါသည်။ အရင်းအမြစ်ပိုင်ဆိုင်မှု အသုံးပြုမှုတို့တွင် အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံးသည် အိမ်တွင်ရှိသော ပစ္စည်းဥစ္စာအများစုနှင့် ကျေးရွာအတွင်း တွင်ရှိသော လမ်း၊ တံတား၊ ချောင်း၊ အဆောက်အဦ စသောအရင်းအမြစ်များကို တူညီစွာပိုင်ဆိုင် အသုံးပြုကြသည်ကို တွေ့ရပါ သည်။ ထိန်းချုပ်မှု၊ ဆုံးဖြတ်ချက်ချမှု အပိုင်းတွင်လည်း အမျိုးသား၊ အမျိုးသမီးတို့သည် မိမိတို့ကျွမ်းကျင်လိမ္မာမှုအပေါ် မူတည်၍ တိုင်ပင်ဆွေးနွေးကာ ထိန်းချုပ်ဆုံးဖြတ်ကြကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ထို့ကြောင့် အရင်းအမြစ်များအပေါ် အသုံးချမှု၊ ထိန်းချုပ်မှုတွင် အမျိုးသား၊ အမျိုးသမီး တန်းတူ အသုံးပြုခွင့်၊ ဆုံးဖြတ်ခွင့် ရရှိနေကြသည်ဟု သုံးသပ်ခဲ့ကြပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

(င) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်

**(စ) ပင့်ကူအိမ်သုံးသပ်ချက်**

ပေါက်တူးကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့၏ ကျား-မ ရေးရာကဏ္ဍ ပင့်ကူအိမ် ရေးဆွဲခြင်းဖြင့် ကျေးရွာတွင်းရှိ အမျိုးသမီးများ၏ အခြေအနေကို နားလည် သဘောပေါက်စေရန်နှင့် နေ့စဉ်ဘဝဆောင်ရွက်မှုတို့တွင် အမျိုးသားနှင့် အမျိုးသမီး ပါဝင်ဆောင်ရွက်နိုင်မှု အချိုးတို့ကို သိရှိစေရန် ရည်ရွယ်သုံးသပ်ခဲ့ပါသည်။ ပေါက်တူးကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့၏ အခြေအနေကို ခေါင်းစဉ်ငယ်များခွဲ၍ ဆွေးနွေးစေခဲ့ရာ (၁) ဝင်ငွေရရှိမှု၊ (၂) အလုပ်အကိုင်၊ အခွင့်အလမ်း၊ (၃) ရပ်ရေးရွာရေး၊ လူမှုရေးနှင့် (၄) ပညာရေးလက်လှမ်းမီမှု၊ (၅) လုံခြုံမှုအပိုင်းများ တွင် အမျိုးသားများနှင့် တန်းတူ လုပ်ဆောင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်များ ရရှိကြပြီး၊ အုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်ခွင့် ဆုံးဖြတ်ခွင့် မရကြောင်းနှင့် အိမ်တွင်းမှုကိစ္စများကို အမျိုးသမီးများမှ အပြည့်အဝ တာဝန် ယူထားရကြောင်း၊ အမျိုးသားများအနေဖြင့် ခွဲဝေတာဝန်ယူမှုများ ရှိသော်လည်း အနည်းအကျဉ်း မျှသာ ဖြစ်ကြောင်း ဆွေးနွေးထားခဲ့ကြပါသည်။ ထို့ကြောင့် အရေးကြီးသော အခန်းကဏ္ဍ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများအနေဖြင့် ယုံကြည်မှုအပြည့်ဖြင့် မဆုံးဖြတ်ရဲကြောင်း ဆွေးနွေးခဲ့ကြ ပါသည်။ ကျား-မ ရေးရာကဏ္ဍ ပင့်ကူအိမ်အား ခြုံငုံသုံးသပ်ပါက အမျိုးသားများအနေဖြင့် အိမ်တွင်းမှု ကိစ္စများအား ခွဲဝေတာဝန်ယူခြင်း၊ အရေးကြီးသည့် ရပ်ရေးရွာရေး ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများအား နေရာပေးခြင်းဖြင့် ပေါက်တူးကျေးရွာသည် ထို့ထက်မက ဖွံ့ဖြိုးတိုးတက်သော ကျေးရွာကလေး ဖြစ်မည်ဟု ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

<u>(ဆ) ကျေးရွာ အခက်အခဲပြဿနာအပေါ် သုံးသပ်ချက်</u>





အခက်အခဲပြဿနာများ

## (ဆ) ကျေးရွာ၏ အခက်အခဲအတားအဆီးများအပေါ် သုံးသပ်ချက်

ပေါက်တူးကျေးရွာ၏ အခက်အခဲ အတားအဆီးများကို ဖော်ထုတ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာဖွံ့ဖြိုးရေး အတွက် အနှောင့်အယှက် အတားအဆီး အခက်အခဲ လိုအပ်ချက်များကို ကိုယ်တိုင် သိရှိပြီး မည်သို့ကျော်လွှား ဖြေရှင်းရမည်ကို တိုင်ပင်ဆွေးနွေး ဆုံးဖြတ်တတ်စေရန် ရည်ရွယ်ပါသည်။ ကျေးရွာ၏ အခက်အခဲများကို ဖော်ထုတ်ရာတွင် အမျိုးသားနှင့် အမျိုးသမီးများကို သီးခြားခွဲ၍ဆွေးနွေး စေခဲ့ရာ တူညီသော အချက်များရှိနေသည်ကို တွေ့ရှိပါသည်။ ကျေးရွာ၏ အဓိကဖြစ်ပေါ်နေသော ပြဿနာမှာ (၁) မိုးရာသီတွင် သောက်သုံးရေ ရှားပါးသည့်အခက်အခဲ (၂) မီးသတ်စက်နှင့် မီးသတ်ရေယာဉ် အုပ်စုတွင်းမရှိသည့်အခက်အခဲ (၃) လျှပ်စစ်မီးမရှိသည့် အခက်အခဲ (၄) ဆေးပေးခန်း မရှိသည့်အခက်အခဲ (၅) မူကြိုကျောင်း မရှိသည့်အခက်အခဲ (၆)စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် မျိုးကောင်းမျိုးသန့် မရရှိသည့်အခက်အခဲ (၇) ဘက်စုံသုံးခန်းမ မရှိသည့် အခက်အခဲများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပေါက်တူးကျေးရွာ၏ အခက်အခဲများကို ဖော်ထုတ်ခြင်းဖြင့် ကျေးရွာလူထုအနေဖြင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခက်အခဲ အတားအဆီး လိုအပ်ချက်များကို သိရှိနိုင်ပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း တွေ့ရှိနိုင်လိမ့်မည် ဟု သုံးသပ်ခဲ့ ကြပါသည်။ အခက်အခဲ အတားအဆီးများကို ဖော်ထုတ်ရာတွင် တက်ရောက်လာသူ ကျေးရွာလူထု အားလုံး စိတ်ပါဝင်စားစွာ ဆွေးနွေး ဖော်ထုတ်ခဲ့ကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(၈) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း




မျှော်မှန်းချက်

## (၉) ကျေးရွာ၏မျှော်မှန်းချက်အပေါ် သုံးသပ်ချက်

ပေါက်တူးကျေးရွာ၏ မျှော်မှန်းချက်များကို ဖော်ထုတ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာလူထုအား မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ရေရှည်ချမှတ် အကောင်အထည်ဖော်တတ်စေရန် ရည်ရွယ်ခဲ့ပါသည်။ အမျိုးသား အမျိုးသမီး နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးစေခဲ့ရာ (၁)လျှပ်စစ်မီးရရှိရန် (၂)မူကြိုကျောင်းရှိလာရန် (၃)ဆေးပေးခန်းရှိလာရန် (၄)ကျောက်ချောလမ်း ဖြစ်လာရန် တူညီစွာ မျှော်မှန်းခဲ့ကြပြီး အမျိုးသားများဘက်မှ အားကစားကွင်းရှိလာရန်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတွင် မျိုးကောင်းမျိုးသန့် ရရှိရန်၊ စာကြည့်တိုက် ရှိလာရန်၊ အစည်းအဝေးခန်းမ ရှိလာရန်နှင့် ကျေးရွာတွင် လူနာတင်ယာဉ်ရှိရန် သီးသန့်မျှော်မှန်းထားပါသည်။ အမျိုးသမီးများဘက်မှ ၊ သောက်သုံးရေ ဖူလုံစွာရရှိရန် ၊ စိုက်ပျိုးရေး အတွက် နည်းပညာနှင့် စက်ကိရိယာ များရရှိနိုင်ရန် မျှော်မှန်းထားကြောင်း ဆွေးနွေးခဲ့ကြ ပါသည်။ ကျေးရွာ၏ မျှော်မှန်းချက်များကို ဖော်ထုတ်ခြင်းဖြင့် မိမိတို့ကျေးရွာအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ရာတွင် လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲရာတွင် လည်းကောင်း ကျေးရွာလူထုအနေဖြင့် မိမိတို့၏ မျှော်မှန်းချက်များ အောင်မြင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှု တွင် လည်းကောင်း အထောက်အကူပြုနိုင်လိမ့်မည်ဟု လည်း သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ကျေးရွာ၏ မျှော်မှန်းချက်များကို ဖော်ထုတ်ရာတွင် အစည်းအဝေး တက်ရောက်လာသူ အားလုံး ပူးပေါင်းပါဝင် ဖော်ထုတ်ခဲ့ကြပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

<u>(ည) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ဦးစားပေးလုပ်ငန်းများ

**(၈) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်**

ပေါက်တူးကျေးရွာ အနေဖြင့် မိမိတို့ကျေးရွာတွင် အမှန်တကယ် လိုအပ်နေသော လုပ်ငန်းများကို တတိယနှစ် စီမံကိန်းလုပ်ငန်းအတွက် ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး လုပ်ငန်းများကို ဖော်ထုတ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာလူထုအနေဖြင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော လုပ်ငန်းများကို ညှိနှိုင်းတိုင်ပင်၍ ညီညွတ်စွာ ဆွေးနွေးဖော်ထုတ် တတ်စေရန် ရည်ရွယ်ပါသည်။ အမျိုးသား အမျိုးသမီး နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးစေခဲ့ပါသည်။ ကျန်ရှိနေ သော စီမံကိန်း စက်ဝန်းများအတွက် (၁) ဘက်စုံသုံးခန်းမ နှင့် (၂) ရွာတွင်းကွန်ကရစ်လမ်း (၃) ကွန်ကရစ်မီးတိုင် လုပ်ငန်းများကို ကျေးရာလူထု၏ သဘောတူညီမှုဖြင့် ဦးစားပေးအဆင့်များ ရွေးချယ် သတ်မှတ်ခဲ့ကြပါသည်။ ရွေးချယ်ထားသော လုပ်ငန်းခွဲများသည် ကျေးရွာလူထုအားလုံး အကျိုးခံစား ခွင့် ရှိသည်ကို တွေ့ရှိရပါသည်။ ဦးစားပေးလုပ်ငန်းများကို တက်ရောက်လာသူ ကျေးရွာလူထုအားလုံး မှ စိတ်ပါဝင်စားစွာ ဆွေးနွေးတိုင်ပင် ဖော်ထုတ်ခဲ့ကြပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ

## ၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ အလုံ ကျေးရွာ။ ။ ပေါက်တူး

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၀ . ၉ . ၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးအောင်ဝင်း | ၀၉၇၇၅၀၄၅၉၂၂ |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်အိချော | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်ဦး | |
| ၄ | | အဖွဲ့ဝင် | ဒေါ်စန်းသူဇာဝင်း | |
| ၅ | | အဖွဲ့ဝင် | ဦးကျော်လင်းထိုက် | ၀၉၄၅၅၃၅၉၉၇၉ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဝင်းမာ | ၀၉၇၇၅၄၃၁၅၈၄ |
| ၇ | | အဖွဲ့ဝင် | ဒေါ်ခင်စန်း | |
| ၈ | | အဖွဲ့ဝင် | ဦးသိန်းငွေ | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်း ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဖိုးဖြူ | ၀၉၇၇၄၄၅၁၀၀၂ |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်သိင်္ဂီမော် | |
| ၁၁ | | အဖွဲ့ဝင် | ဦးဝင်းဇော်ဦး | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးစည်သူအောင် | ၀၉၇၉၄၁၀၁၄၉၆ |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးအောင်ကိုဝင်း | ၀၉၂၆၀၃၂၂၁၈၇ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဝင်းဇာဇာ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသန့်ဇင်ဦး | ၀၉၂၅၂၀၅၅၉၄၀၁ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ညွှန့်ညွှန့်မော် | |

တာဝန်ကျဝန်ထမ်းများ ဒေါ်ပွင့်ဖြူအောင် ဒေါ်ခိုင်ဖူးဝေကျော်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးမြင့်အေး | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉- 454509755 | လူထုစည်းရုံးရေးမှူး၏ အမည် မွန်မြင့်အောင် |
| ပြည်နယ်/တိုင်းဒေသကြီး - ဧရာဝတီ မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု နားကဲ့ | ကျေးရွာ ဃါးဂွမ်တျင်း |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---မြန်မာ--- | ၇၆ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၇၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | – | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျ - ၁၀ / မ - ၁၇ | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---မြန်မာ--- | ၁၃၇ | ၁၅၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၆၅ | ၁၁ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် | |
| | | | | | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| ဘ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　ကတ္တရာလမ်း　ကွန်ကရစ်လမ်း　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　မြေသားလမ်း ✓　လူသွားလမ်း　အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?　ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　မိုင် 2 ဖာလုံ/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 5 min ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် 5 min ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ　☑ ရှိပါသည်　ရှိလျှင်ဖော်ပြပါ ---2016 ရေကြီး ရေလျှံ

## လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

(ဧ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) -----------------------------------

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် [illegible] |
| | လက်မှတ် (signature) နေ့စွဲ ၂၀/၉/၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် [illegible] |
| | လက်မှတ် (signature) နေ့စွဲ ၂၀/၉/၁၇ |

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/~~နည်းပညာအကြံပေး~~များမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ပွင့်ဖြူကောင်း | | |
| နေ့စွဲ | 20-9-17 | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 20.9.17 | 20.9.17 | 41 | 32 | 73 | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 20.9.17 | 20.9.17 | 41 | 32 | 73 | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဇင်ဖြူအောင် |
| နေ့စွဲ ၃၀ . ၇ . ၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ — မြို့နယ် ကြံခင်း — ကျေးရွာအုပ်စု အလဲ — ကျေးရွာ ပါကတော့ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | | |
|---|---|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၈ အစည်းအဝေးခန်းမ မရှိခြင်း | ၁ | မီးမရှိခြင်း အခက်အခဲ | ၈ မီးသတ်ဆက် မရှိခြင်း |
| ၂ | မီးသတ်ယာဉ် မရှိခြင်း | ၉ လျှပ်စစ်မီးမရှိခြင်း | ၂ | လမ်းမကောင်းခြင်း အခက်အခဲ | |
| ၃ | ရေ ရှားပါးခြင်း | ၁၀ ဆေးပေးခန်းဝေးကွာခြင်း | ၃ | အစည်းအဝေးခန်းမ မရှိခြင်း | |
| ၄ | စာကြည့်တိုက် မရှိခြင်း | ၁၁ မျိုးကောင်းမျိုးသန့် မရရှိခြင်း | ၄ | စာကြည့်တိုက်မရှိခြင်း | |
| ၅ | အားကစားကွင်း | ၁၂ လူနာတင်ယာဉ်မရှိခြင်း | ၅ | မူကြိုကျောင်း မရှိခြင်း | |
| ၆ | မူကြိုကျောင်း | ၁၃ အလုပ်အကိုင်ရှားပါးခြင်း | ၆ | လူနာတင်ယာဉ်မရှိခြင်း | |
| ၇ | စိုက်ပျိုးရေး အတွက် စက်ကိရိယာ အခက်အခဲ | | ၇ | ဆေးပေးခန်းဝေးကွာခြင်း | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | |
|---|---|---|---|---|---|
| ၁ | အားကစားကွင်း | ၈ မီးသတ်ယာဉ် | ၁ | ဆေးပေးခန်း | ၈ မူကြိုကျောင်း |
| ၂ | စာကြည့်တိုက် | ၉ လျှပ်စစ်မီး | ၂ | မွေးမြူရေး နည်းပညာများ | ၉ လယ်ယာသုံး စက်ကိရိယာများ |
| ၃ | စိုက်ပျိုးရေးအတွက် စက်ကိရိယာ | ၁၀ ဆေးပေးခန်း | ၃ | မီးသတ်ယာဉ် | ၁၀ အားကစားကွင်း |
| ၄ | မျိုးကောင်းမျိုးသန့်နှင့် နည်းပညာ | ၁၁ ကွန်ကရစ်လမ်း | ၄ | ကွန်ကရစ်လမ်း | ၁၁ အင်လျှင်မီး |
| ၅ | မူကြိုကျောင်း | ၁၂ ကျောက်ချောလမ်း | ၅ | အစည်းအဝေးခန်းမ | ၁၂ လျှပ်စစ်မီး |
| ၆ | မွေးမြူရေး အတွက် နည်းပညာများ | ၁၃ မီးသတ်ယာဉ် | ၆ | စာကြည့်တိုက် | ၁၃ တစ်ရွာလုံး ရေဖူလုံရေး |
| ၇ | အစည်းအဝေးခန်းမ | | ၇ | မီးသတ်ကန် | ၁၄ စပါးမျိုးကောင်းမျိုးသန့် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဘက်စုံသုံး ဆိုင် | ကျ - 41 + မ - 32 = 73 | ၉၀,၀၀,၀၀၀ | ၂၉၇ |
| ၂ | ရွာတွင်း ကွန်ကရစ်လမ်း | - | ၅၅,၀၀,၀၀၀ | ၂၉၇ |
| ၃ | ကွန်ကရစ်လမ်း မီးတိုင် | - | ၆၅,၀၀,၀၀၀ | ၂၉၇ |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အရေးပေါ်လူနာတင်ယာဉ် | ကျား + မ | |
| ၂ | တနိုင်တပိုင် မွေးမြူရေး နှင့် စိုက်ပျိုးရေးနည်းပညာများ | ကျား + မ | |
| ၃ | မီးသတ်ကား | မ | |
| ၄ | ဘုန်းတော်ကြီး ကျောင်းပြုပြင်ရေး | မ | |
| ၅ | မီးသတ်ကား | မ | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ______ လက်မှတ် ______ နေ့စွဲ ၃၀/၉/၁၇

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | မှုင်မြအောင် ၊ ဦးစိုးပြုးဝေကျော် | | |
| နေ့စွဲ | ၂၄ - ၁၀ - ၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် ကျောက် | ကျေးရွာအုပ်စု | အလုံ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဖျားဘို | အင်ဂျင်မီး | (၂၈၅၀၈၀)×၅ ၈'×၇'×၇' JD 300, 20KV | ၁၀၀ | ☐ ကျား ☐ မ ☑ ကျား+ မ | ၈,၅၀၀,၀၀၀ | - | | | ၈,၅၀၀,၀၀၀ |
| အလုံမြောက် | အင်ဂျင်မီး (ကြိုးမပါ) | ၅၆၀ ... ၈'×၇'×၇' JD 300, 20KV | ၆၅၇ | ☐ ကျား ☐ မ ☑ ကျား+ မ | ၇,၅၀၀,၀၀၀ | - | | | ၇,၅၀၀,၀၀၀ |
| သုံးတဲရွာ | အင်ဂျင်မီး | (၁၅၀၀၆၀)×၂ ၈'×၇'×၇' JD 300, 15KV | ၉၁ | ☐ ကျား ☐ မ ☑ ကျား+ မ | ၄,၈၀၀,၀၀၀ | - | | | ၄,၈၀၀,၀၀၀ |
| သာယာကုန်း | ဘက်စုံသုံးခန်းမ | ၂၀'×၃၆' | ၃၂၃ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | - | | | ၉,၀၀၀,၀၀၀ |
| ကြာအင်းလေး | ရေစင်၊ရေစက်ရုံ၊ ရေပိုက်သွယ်တန်းခြင်း | ၈'×၈'×၁၅' ၆'×၅'×၇' ၂၂၀၀' | ၁၈၇ | ☐ ကျား ☐ မ ☑ ကျား+ မ | ၅,၉၀၀,၀၀၀ | - | ၁၀၀၀၀၀ | (ဒုနှစ် လက်ကျန်) | ၆,၀၀၀,၀၀၀ |

၃၅,၈၀၀,၀၀၀

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဒေါ်သိန်း ဆိုင်း ၂၄ - ၁၀ - ၁၇ [signature]

ဦးသန်းဆိုးမင်း ၂၄ - ၁၀ - ၁၇ [signature]

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်စွဲ

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဒေါ်[illegible]

လက်မှတ် ---------- ရက်စွဲ 24 · 10 · 17

၁၃။ (က) ပထမအကြိမ် ကျေးရွာအစည်းအဝေး မှတ်တမ်း

ရောဂတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ အလုံအုပ်စု၊ ပေါက်တူးကျေးရွာ၏ တတိယနှစ်စက်ဝန်း ပထမအကြိမ် ကျေးရွာအစည်းအဝေးကို (၂၀.၉.၂၀၁၇) နံနက် ၉း၀၀အချိန်တွင် ပေါက်တူးကျေးရွာ ဦးအောင်ဝင်း နေအိမ်တွင် ကျင်းပခဲ့ပါသည်။ ပထမဦးစွာ လူထုစည်းရုံးရေးမှူး ဒေါ်ပွင့်ဖြူအောင်၊ ဦးစည်သူအောင်၊ လက်ထောက်နည်းပညာမှူး ဒေါ်ခိုင်ဖူးဝေကျော် တို့မှမိတ်ဆက်စကားပြောကြားခဲ့ပြီး ရပ်မိရပ်ဖ ဦးအောင်ဝင်းမှအဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ပွင့်ဖြူအောင်မှ လူထုဗဟိုပြုစီမံကိန်း အကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ ပြီးနောက် စေတနာ့ဝန်ထမ်းများ၏ တာဝန်နှင့်ဝတ္တရားများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာလူထုအား စေတနာ့ဝန်ထမ်း ရွေးချယ်စေခဲ့ရာ ဦးသန့်ဇင်ဦး နှင့် ဒေါ်ညွန့်ညွန့်မော် တို့အား ရွေးချယ်ခဲ့ကြပါသည်။ ပြီးနောက် စီထောက်ကော်မတီ နှင့် အခြားပါဝင်သူများ၏ တာဝန်ဝတ္တရားများ အကြောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပြီး စီထောက်ကော်မတီ ရွေးချယ်စေခဲ့ရာ စီထောက်ဥက္ကဋ္ဌ အဖြစ် ဦးအောင်ဝင်း၊ ဒေါ်အိချော၊ ဝယ်ယူရေးဆပ်ကော်မတီ အဖြစ် ဦးကျော်ဦး(ခေါင်းဆောင်)၊ ဒေါ်စန်းသူဇာဝင်း၊ ဦးကျော်လင်းထိုက်၊ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ အဖြစ် ဒေါ်ဝင်းမာ(ခေါင်းဆောင်)၊ ဒေါ်ခင်စန်း၊ ဦးသိန်းဌေး၊ လည်ပတ်ရေးနှင့်ပြုပြင် ထိန်းသိမ်းရေး ဆပ်ကော်မတီအဖြစ် ဒေါ်ဖိုးဖြူ(ခေါင်းဆောင်)၊ ဦးဝင်းဇော်ဦး၊ ဒေါ်သီဂီမော်၊ ကျေးရွာငွေစာရင်းကိုင် အဖြစ် ဦးစည်သူအောင်၊ အကြံပြု တိုင်ကြားဖြေရှင်းရေး ဆပ်ကော်မတီအဖြစ် ဦးအောင်ကိုဝင်း၊ ဒေါ်ဝင်းဇာဇာ တို့အား ကျေးရွာလူထုမှ ရွေးချယ် တင်မြှောက် ခဲ့ကြပါသည်။ ကော်မတီဝင်များ ရွေးချယ်ပြီးနောက် အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းများအား ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ပြီးနောက် အမျိုးသား၊ အမျိုးသမီး အဖွဲ့ခွဲ၍ ကျေးရွာ၏ အခက်အခဲ ပြဿနာများ၊ မျှော်မှန်းချက်များအား ပြန်လည်သုံးသပ်ရေးဆွဲစေခဲ့ရာ တတိယနှစ်စက်ဝန်းတွင် ထူးခြားသော အပြောင်းအလဲ မရှိကြောင်းရေးဆွဲ ဖော်ထုတ်ခဲ့ကြပါသည်။ နေ့လည် ၁၂း၀၀အချိန်တွင် အစည်းအဝေး ပြီးဆုံးကြောင်း ကြေငြာခဲ့ပြီး နေ့လယ် ၁း၀၀ နာရီတွင် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး ပြန်လည်စတင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**၁၃။ (ခ) ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး မှတ်တမ်း**

ပေါက်တူး ကျေးရွာ၏ တတိယနှစ်စက်ဝန်း ဒုတိယအကြိမ် ကျေးရွာအစည်အဝေးကို (၂၀.၉.၂၀၁၇) နေ့လည် ၁း၀၀ နာရီခန့်တွင် ပြန်လည်စတင်ခဲ့ကြပါသည်။ လက်ထောက်နည်းပညာမှူး ဒေါ်ခိုင်ဖူးဝေကျော်မှ အစည်းအဝေး စတင်ကြောင်း ကြေငြာခဲ့ပြီး စီမံကိန်းလုပ်ဆောင်ရာတွင် လိုက်နာရမည့် သဘာဝပတ်ဝန်းကျင် အကာအကွယ်နှင့် လူမှု အကာအကွယ်များ အကြောင်းကို ကျေးရွာလူထုနှင့် အသေးစိတ် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။ လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အကြောင်းအရာများအား အသေးစိတ်ပြန်လည်ဆွေးနွေး ခဲ့ကြပြီး ယခင်နှစ်စက်ဝန်းများတွင် လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအား မည်သို့ဆောင်ရွက်ခဲ့ကြောင်း မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ အကြောင်း ဆက်လက် ဆွေးနွေးပြီးနောက် လူထုစည်းရုံးရေးမှူး ဒေါ်ပွင့်ဖြူအောင်မှ တတိယနှစ် စီမံကိန်းအတွက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်စေခဲ့ပြီး ကျေးရွာလူထုအား မဲပေးရွေးချယ်စေခဲ့သည်။ မဲပေးရွေးချယ်မှု ရလဒ်အရ ၁။ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း၂။ကွန်ကရစ်လမ်းခင်းခြင်း ၃။ ကွန်ကရစ်မီးတိုင် လုပ်ငန်းများရရှိခဲ့သည်။ ထို့နောက် လူထုစည်းရုံးရေးမှူး မှ လိုက်နာရမည့်ကျင့်ဝတ်များနှင့် ဆောင်ရန် ရှောင်ရန်များ အသေးစိတ် ရှင်းပြခဲ့ပြီး ကော်မတီဝင်များအား ကျေးရွာလူထုရှေ့တွင် လိုက်နာပါမည် အကြောင်း လက်မှတ်ရေးထိုး စေခဲ့သည်။ ညနေ ၄း၀၀ အချိန်တွင် အစည်းအဝေး ပြီးဆုံးကြောင်း ကြေငြာခဲ့ပြီး ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေး အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။

၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | ဘက်စုံသုံးခန်းမ | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ကွန်ကရစ်လမ်း | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ကွန်ကရစ်မီးတိုင် | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၃ | တနိုင်တပိုင်မွေးမြူရေးနှင့်စိုက်ပျိုးရေး နည်းပညာများ | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ပတ်ဝန်းကျင် | □ | အရေးပေါ် လူနာတင်ယာဉ် | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၅ | မီးသတ်ကား | မ | ၂၀၁၈ | ကျေးရွာလူထု | |
| | ၆ | ဘုန်းတော်ကြီးကျောင်းပြုပြင်ခြင်း | မ | ၂၀၁၈ | ကျေးရွာလူထု | |
| | | | | | | |
| | | | | | | |